ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅/၂၀၁၇)

| | |
|---|---|
| Mr. Kwak In Gyu (ပိုင်ရှင်)၊<br>MacDo Co.,Ltd၊ အမှတ်-အေ(၁၂)၊<br>အမှတ်-၃ အဝေးပြေးလမ်းမကြီးနှင့်<br>ခရေပင်လမ်းထောင့်၊ မင်္ဂလာဒုံစက်မှုဇုန်၊<br>မင်္ဂလာဒုံမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်အေးမို့မို့(ပါ )အလုပ်သမား(၁၄)ဦး<br>အမှာဆောင်၊ မဟာဆွေ(၁)လမ်း၊<br>လှိုင်သာယာအဆင့်မြင့်ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ်-၃ အဝေးပြေးလမ်းမကြီးနှင့်ခရေပင်လမ်းထောင့်၊ အမှတ်-အေ(၁၂)ရှိ MacDo Co.,Ltd ပိုင်ရှင် Mr.Kwak In Gyu နှင့် အလုပ်သမားဒေါ်အေးမို့မို့(ပါ )အလုပ်သမား(၁၄)ဦးတို့အကြား ဖြစ်ပွားကြသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၄၄/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၁၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်အေးမို့မို့(ပါ )အလုပ်သမား(၁၄)ဦးမှ တောင်းဆိုခြင်းခံရသူထံတွင် Operator ရာထူးဖြင့်လုပ်ကိုင်နေသော်လည်း မူလ Leader ရာထူးမှ လစာကို

ပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ကောက်ချက်(၂)ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်ဘက်က အောက်ပါကောက်ချက် (၂)ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူ အလုပ်သမား(၁၄)ဦးက မိမိတို့သည်သာဖြင့် Operator အလုပ်ကို လုပ်ချင်ပါသည်ဟု တင်ပြတောင်းဆိုခဲ့ခြင်းမှာ မှန်၊မမှန်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်အေးမိုမိုပါ ၁၄ဦးက Operator ဝန်ထမ်းအဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်တင်ပြသည်မှာ မှန်သည်။ သို့သော် မလွဲမရှောင်သာတော့၍သာ ယင်းသို့တင်ပြခဲ့ခြင်းဖြစ်သည်ဟု ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ်(၂)။** ဒေါ်အေးမိုမိုပါ ၁၄ဦးတို့သည် Operator များသာဖြစ်၍ Operator လစာများသာပေးမည်ဟု အလုပ်ရှင်၏တင်ပြချက်မှာ သင့်၊ မသင့်နှင့် တောင်းဆိုသူများ၏တင်ပြချက်များကို လက်ခံသင့်၊မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** တောင်းဆိုသူ ဒေါ်အေးမိုမိုပါ ၁၄ ဦးသည် ယခုမှ စတင်လုပ်သည့် Operator များအား ပေးသောအခြေခံလစာထက်ပိုများသော ပေးထားပြီးဖြစ်သည့် အခြေခံလစာ ၁၁၈၀၀၀ိ- ကို ဆက်လက်ပေးရန်နှင့် ပေးထားပြီးဖြစ်သည့် နှစ်တိုးလစာနှင့် နှစ်အလိုက်ခွဲ၍ ပေးသော ကျွမ်းကျင်ကြေးကို မူလအတိုင်းပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၁၄၄/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၅/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ စိစစ်လေ့လာသုံးသပ်ခဲ့သည်။ ထို့ပြင် အငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံသမာဓိကောင်စီ

ခုံအဖွဲ့ ရှေ့မှောက်သို့ ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** Leader ရာထူးမှ Operator ရာထူးသို့ အခြေအနေကြောင့် အလုပ်နေရာပြောင်းရွှေ့ခံရသဖြင့် မူလရာထူးနှင့်သက်ဆိုင်သော ကျွမ်းကျင်ကြေး၊ လုပ်သက်ကြေး၊ ရက်မှန်ကြေးတို့ မရရှိတော့၍ ထိုက်စွမ်းများအတွက် ခံစားခွင့်ရရှိလိုခြင်း။

**လေ့လာတွေ့ရှိချက်**

၇။ ၂-၁၂-၂၀၁၆ ရက်စွဲဖြင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားရာတွင် Super, Leader တို့သည် လုပ်ငန်းအခြေအနေကြောင့် အလုပ်နေရာပြောင်းရွှေ့ခဲ့ရသဖြင့် ပိုင်ရှင်မှ မူလရာထူးနှင့် သက်ဆိုင်သော ကျွမ်းကျင်ကြေး၊ လုပ်သက်ကြေး၊ ရက်မှန်ကြေးတို့အား ပြန်လည်ပေးအပ်ခြင်း မရှိ သကဲ့သို့ ယခင်လစာနှင့် ယခုလစာကွာခြားမှုရှိသဖြင့် ရသင့်သောခံစားခွင့်များအား ကူညီဖြေရှင်း ပေးရန်ပါရှိပါသည်။ ၅-၁၂-၂၀၁၆ ရက်စွဲဖြင့် စာတစ်စောင်ထပ်မံတင်ရာတွင် လုပ်ငန်းအခြေအနေ အဆင်မပြေမှုပေါ် မူတည်ပြီး၊ သက်ဆိုင်ရာအလုပ်မှ ပြောင်းရွှေ့လုပ်ကိုင်လိုခြင်းမရှိဘဲ၊ အခြေအနေ အရ လုပ်ကိုင်ခဲ့ကြပြီး၊ လုပ်သက်ကြေး၊ ရက်မှန်ကြေး၊ ကျွမ်းကျင်ကြေးမပေးဘဲ ဖြတ်တောက်သဖြင့် ပြန်လည်ရရှိရေးဖြေရှင်းပေးရန်ပါရှိပါသည်။ ထိုနေ့တွင်ပင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းပေးရာ မူလရာထူး၊ မူလလုပ်သက်၊ မူလနေရာ၊ မူလလစာအတိုင်း ပြန်လိုချင်ကြောင်း၊ မူလခံစားခွင့်အတိုင်း ခံစားလိုကြောင်းထွက်ဆိုခဲ့ပါသည်။ ၆-၁၂-၂၀၁၆ ရက်နေ့နှင့် ၇-၁၂-၂၀၁၆ ရက်နေ့များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းပေးရာတွင် အခြေခံလစာ၊ လုပ်သက်ကြေးနှင့် ကျွမ်းကျင်မှု ဆုကြေးတို့ကိုသာ ရယူချင်ကြောင်း၊ အရင်နေရာအား ပြန်လည်လုပ်ကိုင်လိုခြင်းမရှိကြောင်းနှင့် Sample ကြေးများအား ညှိနှိုင်းပေးရန် တောင်းဆိုကြောင်း ထွက်ဆိုခဲ့ပါသည်။

၈။ အလုပ်သမားများက ခုံသမာဓိအဖွဲ့သို့ တင်ပြသည့်တောင်းဆိုလွှာတွင် ပါရှိသောအချက်များ နှင့်ထိုအဖွဲ့က အမှုစစ်ဆေးရာတွင် ထွက်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခြေခံလစာနှင့် လုပ်သက်ဆုကြေး(၂)မျိုးအတွက် တောင်းဆိုကြောင်း၊ သက်ဆိုင်ရာ နှစ်အလိုက် ဆုကြေးသတ်မှတ်ပေးရန် ဦးစားပေးခဲ့ကြောင်း၊

(ခ) မိမိတို့ပြုလုပ်သော ဆံပင်တုခေါင်းများကို အဆင့်ဆင့်စစ်ဆေးရန်မလိုကြောင်း၊ အခြားသူများပြုလုပ်သော ဆံပင်တုခေါင်းများကို အဆင့်ဆင့်စစ်ဆေးရကြောင်း၊ သို့ဖြစ်၍ မိမိတို့အား ကျွမ်းကျင်ကြေးပေးရန် ပြောကြားကြောင်း၊

(ဂ) ယခင်ခေါင်းဆောင်ဖြစ်သည့် ဒေါ်နီနီမာထွေး အလုပ်ထွက်သွားသဖြင့် အမှုတွင် အလုပ်သမား (၁၄)ဦးသာ ကျန်ရှိကြောင်း၊

(ဃ) ဆံပင်တုခေါင်းအသစ်လုပ်ရန် မိမိတို့အား အလုပ်သမားများကိုပြောရန် အလုပ်ရှင်ဘက်မှ မှာကြားချက်ကို အလုပ်သမားများအားပြောရာ အဆင်မပြေသဖြင့် အလုပ်ရှင်အားတင်ပြရာ မလိုက်လျောသဖြင့် Leader အဖြစ်မှ Operator ဆင်းခွင့်ပြုရန် အလုပ်ရှင်ဘက်အားပြောရာ လိုက်လျောမှုမပြုခဲ့ကြောင်း၊

(င) ဆက်လက်ညှိနှိုင်းကြသော်လည်း ပြေလည်မှုမရရှိကြောင်း၊

(စ) Operator လုပ်လိုမှုကိုစာတင်ရန် အလုပ်ရှင်ဘက်က ပြောသဖြင့် စာတင်ခဲ့ကြောင်း၊

(ဆ) Leader လုပ်စဉ်ကရသည့်အခြေခံလစာ၊ ကျွမ်းကျင်ကြေးလည်း တောင်းလိုကြောင်း၊

၉။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းဖျန်ဖြေစဉ်က အလုပ်ရှင်ဘက်မှ တင်ပြချက်များမှာ အလုပ်သမားများကို ကိုယ်တိုင်ခေါင်းဆောင် (Leader) မလုပ်နိုင်ဟု တောင်းဆိုခဲ့သဖြင့် Sample အခန်းဖွဲ့ပြီး၊ သီးသန့်အလုပ်စီစဉ်ပေးခဲ့ကြောင်း၊ ခေါင်းဆောင် (Leader) မလုပ်သဖြင့် ခေါင်းဆောင်ကြေးမပေးနိုင်ကြောင်း၊ တိုင်ကြားသူများမှာ Operator အလုပ်လုပ်နေသဖြင့် အခြား Operator များနှင့်လစာကွာခြားမှုရှိပါက ၎င်းတို့နှင့်အတူတူပေးရန်တောင်းဆိုပြီး၊ ဆန္ဒပြမှု၊ အငြိမ်မသက်မှုများဖြစ်ပေါ်နိုင်ကြောင်း တို့ဖြစ်ကြပါသည်။

၁၀။ အလုပ်ရှင်က ခုံသမာဓိအဖွဲ့သို့ တင်သွင်းသည့်ချေပလွှာပါအချက်များနှင့် ထွက်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်းအဆင်မပြေ၍ လက်ရှိ Line Leader တာဝန်အား တာဝန်မယူနိုင်ဟု တိုင်ကြားသူများက တောင်းဆိုခဲ့ကြောင်း၊

(ခ) Line Leader အဖြစ် ဆက်လုပ်ရန် (၃)ကြိမ်ပြောကြားသော်လည်း အလုပ်သမားများလက်မခံခဲ့ကြောင်း၊

(ဂ) လစာကိစ္စညှိနှိုင်းရာတွင် တိုင်ကြားသူများမှာ Operator ဖြစ်၍ ထိုရာထူးအတွက်သာလစာပေးလိုကြောင်း၊ Line Leader လုပ်ရန် (၃)ကြိမ်ပြောကြားသော်လည်း လက်မခံသဖြင့် Leader လုပ်ခပေးရန် မဖြစ်နိုင်ကြောင်း၊

(ဃ) EC ကိုယ်စားလှယ်များနှင့် Leader များ မသင့်မြတ်ခြင်းနှင့် Leader က အလုပ်ပိုများသော်လည်း QC များနှင့်လစာတူရသည်ဟု ပြောပြီးချိန်မှစ၍ Leader မလုပ်

လိုတော့ဟုပြောကြောင်း၊ Leader မလုပ်လိုဘဲ Operator လုပ်ချင်ရင် စာရေးတင်ရန် ပြောခဲ့ကြောင်း၊

(င) ကျွမ်းကျင်ခေါင်းစဉ်ဖြင့် ငွေပေးထားမှုမရှိကြောင်း၊ လစာတိုးတောင်းခံမှုကို မပေးနိုင်ကြောင်း၊

၁၁။ ခုံသမာဓိအဖွဲ့၊ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ ရှေ့မှောက်တွင် ၁၇-၁-၂၀၁၇ ရက်နေ့က ထွက်ဆိုရာတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွက် တိုင်ကြားသူအလုပ်သမားများရရှိမည့် လစာစာရင်းကိုတင်ပြခဲ့ကြောင်း၊ တိုင်ကြားသူများကိုအလုပ်ဖြုတ်ရန်အခြေခံအဖွဲ့နှင့် အခြားအလုပ်သမားများက ပြောသော်လည်း အလုပ်တွင် ရေရှည်လုပ်လာသည့်အလုပ်သမားများဖြစ်၍ အလုပ်မဖြုတ်ဘဲ လစာကို အဆင်ပြေအောင်တွက်ပေးထားခြင်းဖြစ်ကြောင်း၊ တိုင်ကြားသူများရမည့်လစာလျော့မသွားဘဲပိုရသွားပါကြောင်း ပါရှိပါသည်။

**သုံးသပ်ချက်**

၁၂။ မူလတောင်းဆိုချက်မှာ Leader ရာထူးမှ Operator ရာထူးသို့ အခြေအနေကြောင့် အလုပ်နေရာပြောင်းရွှေ့ခဲ့ရသဖြင့် မူလရာထူးနှင့်သက်ဆိုင်သော ကျွမ်းကျင်ကြေး၊ လုပ်သက်ကြေး၊ ရက်မှန်ကြေးမရရှိတော့သကဲ့သို့ လစာမှာလည်းကွာခြားမှုရှိသွားသဖြင့် ထိုကိစ္စများအတွက်ခံစားခွင့်ရရှိလိုခြင်းဖြစ်ပါသည်။ ကောက်ချက်တစ်ချက်တည်းဖြစ်သည်ဟု သုံးသပ်ပါသည်။

၁၃။ တိုင်ကြားသူအလုပ်သမားများက Leader အလုပ်မှ Operator အလုပ်ပြောင်းဆင်းခွင့်ပြုရန် နှုတ်ဖြင့်တင်ပြသည်ကို အလုပ်ရှင်နှင့်အလုပ်သမားတို့ ဆွေးနွေးကြသော်လည်း အလုပ်ရှင်မှ လိုက်လျောမှုမပြုခဲ့ကြောင်းနှင့် Operator အဖြစ်ပြောင်းလဲလုပ်ခွင့်ပြုရန် စာတင်ခဲ့ကြောင်းကို အလုပ်သမားများနှင့် အလုပ်ရှင်နှစ်ဘက်စလုံးမှ တူညီစွာတင်ပြခဲ့ကြောင်းသုံးသပ်ပါသည်။

၁၄။ အလုပ်သမားများဘက်က မိမိတို့သဘောဖြင့် Operator အလုပ်ကိုလုပ်ချင်ကြောင်းနှင့် လိုင်းသီးသန့်တောင်းဆိုခဲ့ကြောင်း မှန်သည်ဟုခုံသမာဓိအဖွဲ့က သုံးသပ်ခဲ့ပါသည်။ ထို့ပြင် တောင်းဆိုသူအလုပ်သမားများက Operator အဖြစ်ပြောင်းလဲလုပ်ကိုင်ခဲ့ကြသည်ဖြစ်၍ Leader များသာ ရထိုက်သော ငွေကြေးကိုခံစားခွင့်မရထိုက်ဟုလည်း ခုံသမာဓိအဖွဲ့က သုံးသပ်ထားပါသည်။

၁၅။ အလုပ်သမားများက Leader အဖြစ်မှ Operator အဖြစ်ပြောင်းလဲလုပ်ကိုင်ကြခြင်းမှာ အလုပ်ရှင်၏ တစ်ဖက်သတ်ဖိနှိပ်လုပ်ဆောင်ခဲ့ခြင်းမဟုတ်သကဲ့သို့၊ Leader အဖြစ်မှ Operator အဖြစ် ပြောင်းလဲလုပ်ကိုင်ရန် အလုပ်သမားများတောင်းဆိုစေရန် စဖြစ်ပွားခဲ့သည်ဆိုသော အော်ဒါအသစ် (ခေါင်းပုံစံအသစ်)လုပ်ခိုင်းသည်ဆိုသော ကိစ္စရပ်မှာ ယခုအမှုဖြစ်ပွားနေစဉ် တစ်စုံတစ်ေ

ထပ်မံဖြစ်ပွားခဲ့ခြင်းမရှိသဖြင့် ထိုအကြောင်းမှာ Leader မှ Operator ပြောင်းရန် အဓိကကျသော ကိစ္စရပ်မဖြစ်ခဲ့ဟုသုံးသပ်ပါသည်။ Leader မှ အဆင့်နိမ့် Operator အလုပ်သို့ပြောင်းလုပ်ခြင်း ဖြစ်၍ အခကြေးငွေနှင့် ဆုကြေး၊ အပိုကြေးများ လျော့သွားမည်သာဖြစ်သည်ဟုလည်းကောင်း၊ ထိုသို့လျော့သွားခြင်းမှာ အလုပ်သမားများ၏ အလုပ်နေရာပြောင်းရွှေ့လုပ်ကိုင်ရန် ဆောင်ရွက်မှုကြောင့် လက်ရှိ Operator တစ်ဦးလုပ်ရသောအလုပ်နှင့် လိုက်လျောညီထွေသည့်အခကြေးငွေနှင့် ဆုကြေး၊ အပိုကြေးများကိုသာ ရရှိနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပါသည်။

၁၆။ လက်ရှိစက်ရုံတွင် ဖွဲ့စည်းထားသည့်အခြေခံအလုပ်သမားအဖွဲ့အစည်းက Leader အဖြစ်မှ Operator အဖြစ် ဆင်းသူများအား မူလထိုသူများရရှိသည့်အခြေခံလစာအတိုင်း ခွင့်ပြုပါက ကျန် Operator အလုပ်သမားများအားပေးရန် တောင်းဆိုမှုရှိကြောင်း၊ အလုပ်ရှင်ဘက်မှတင်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

၁၇။ အလုပ်သမားဖြစ်ပါက မိမိလုပ်ကိုင်ရသော အလုပ်တာဝန်အတွက် သတ်မှတ်ထားသည့် အခကြေးငွေနှင့် အပိုကြေးများကို ခံစားခွင့်ရှိနေမည်ဖြစ်ပါသည်။ အလုပ်နေရာပြောင်းလဲလုပ်ကိုင်ရမှုမှာ အလုပ်ရှင်၏တာဝန်ပေးခြင်းကြောင့်ဖြစ်ပါက မူလအလုပ်၌ရရှိသည့် အခကြေးငွေ၊ အပိုကြေးများနှင့် နီးစပ်နိုင်သ၍ စဉ်းစားပေးသင့်ပါသည်။ အလုပ်သမား၏ဆန္ဒဖြင့် အလုပ်နေရာပြောင်းလဲလုပ်ကိုင်ခြင်းဖြစ်ပါက ပြောင်းလဲရောက်ရှိသောအလုပ်နေရာအတွက် ပေးသည့်အခကြေးငွေ၊ အပိုကြေးများကိုရထိုက်သည်မှာ သဘာဝကျပါသည်။ သို့ဖြစ်ပါ၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ယခုအမှုတွင် အလုပ်နေရာပြောင်းလဲလုပ်ကိုင်ခြင်းမှာ အလုပ်သမားများ၏ တောင်းဆိုချက်အရ လုပ်ကိုင်ရခြင်းဖြစ်၍ လက်ရှိလုပ်ကိုင်ရသော အလုပ်နေရာအတွက် စက်ရုံတွင်သတ်မှတ်ထားသည့် အခကြေးငွေနှင့် အပိုကြေးများကိုသာရထိုက်သည်ဟု ခုံသမာဓိအဖွဲ့က သုံးသပ်ခဲ့သော်လည်း အလုပ်သမားများအား မူလအခြေခံလစာ ၁၁၈၀၀၀/-ကို ဆက်လက်ပေးရန်နှင့်ပေးထားပြီးဖြစ်သည့်နှစ်တိုးလစာနှင့်နှစ်အလိုက်ခွဲ၍ပေးသော ကျွမ်းကျင်ကြေးကိုမူလအတိုင်းပေးရန် ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ စက်ရုံမှ ခွင့်ပြုနေပြီး အလုပ်သမားများကရယူပြီးဖြစ်သည့် အခြေခံလစာနှင့် စက်ရုံတွင်လုပ်ကိုင်သည့် လုပ်ငန်းခွင်အခြေအနေအရပေးသည့်အပိုကြေးများကိုပေးချေရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |